**ဖိုကိုလာရေလှုပ်ရှားမှု**

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

ဇူလိုင်လ ၂၀၁၆

**“သင်တို့သည် တစ်ဦးကိုတစ်ဦးသနားကြင်နာခြင်း၊ ကိုယ်ချင်းစာညှာတာခြင်းရှိကြလော့။ ဘုရားသခင်သည် ခရစ်တော်၌ သင်တို့ကိုခွင့်လွှတ်တော်မူသကဲ့သို့ သင်တို့သည်လည်း တစ်ဦးအပြစ်ကို တစ်ဦးခွင့်လွှတ်ကြလော့။”(ဧဖက်၄း၃၂)**

တစ်စုံတစ်ယောက်က “မင်းကို ငါချစ်တယ်” ဟု သင့်အားပြောလာသည့်စကားကြားရသည်ထက် ကြည်နူးစရာကောင်းသောအရာရှိမည်မဟုတ်ပါ။ တစ်စုံတစ်ယောက်က ကျွန်ုပ်တို့အားချစ်သည့်အခါ ကျွန်ုပ်တို့အနေဖြင့် အထီးကျန်မှုမခံစားရတော့ပါ။ ကျွန်ုပ်တို့သည် စိတ်ချလုံခြုံစွာလျှောက်လှမ်းကြသည်၊ အခက်အခဲများနှင့် အကျဉ်းအကျပ်အခြေအနေများကိုပင် ရင်ဆိုင်နိုင်ပါသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့ခံစားရသော ချစ်ခြင်းမေတ္တာသည် တုန့်ပြန်မှုဖြစ်လာပြီး မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းကအင်အားဖြည့်ပေးသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် အကာအကွယ်ရှိနေသည်ဟုခံစားရပါသည်။ ကလေးများကောင်းစွာဖွံ့ဖြိုးကြီးထွားလာဖို့အတွက် ချစ်ခြင်းမေတ္တာနဲ့ပြည့်ဝသည့်ပတ်ဝန်းကျင်ရှိဖို့နှင့် သူတို့အားချစ်သောသူတစ်စုံတစ်ယောက် ရှိဖို့ရန်လိုအပ်ကြောင်း ကျွန်ုပ်တို့အားလုံးသိကြပါသည်။ သို့သော် ယင်းကားမည်သည့်အသက်အရွယ်မဆိုအတွက် မှန်ပါသည်။ ထို့အတွက်ကြောင့်လည်း အသက်ပေးသည့်နှုတ်တော်ထွက်စကားက တစ်ဦးကိုတစ်ဦး “သနားကြင်နာခြင်း” ရှိဖို့ ဖိတ်ခေါ်နေပြီး တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာထားကြဖို့နှင့် ဘုရားသခင်ကိုယ်တော်တိုင်က စံပြအဖြစ်ကမ်းလှမ်းလျက်ရှိပါသည်။

အတိအကျပြောရလျှင် ကိုယ်တော်ရှင်ကျွန်ုပ်တို့အား အချင်းချင်းချစ်ကြဖို့ပြောကြားနေသော ပုံဥပမာက စိတ်ခံစားချက်သက်သက်မဟုတ်ပေ။ ယင်းကား အခြားသူများကောင်းကျိုးအတွက် ခိုင်မာပြင်းပြလှသော ဆန္ဒဖြစ်ပေသည်။ သခင်ယေဇူးအနေဖြင့် ဘုရားသခင်သည် နေထိုင်မကောင်းသူနှင့် ဆင်းရဲနွမ်းပါးသူတို့ထံ ချဉ်းကပ်ခဲ့သည်၊ လူအုပ်ကြီးအားသနားစိတ်ဖြစ်ခဲ့သည်၊ အပြစ်သားတို့ကို သနားကရုဏာသက်ခဲ့သလို သူ့အားလက်ဝါးကပ်တိုင်ထက်တင်သတ်သူတို့ကိုပင်ခွင့်လွှတ်တော်မူခဲ့ပါသည်။

ကျွန်ုပ်တို့သည်လည်း အခြားသူတို့ကောင်းကျိုးကိုလိုလားသည်ဆိုရာမှာ သူတို့အားနားထောင်ပေးခြင်း၊ ရိုးသားစွာဂရုစိုက်မှုပေးခြင်း၊ သူတို့၏ပျော်ရွှင်မှုနှင့် ပူဆွေးမှုတို့တွင် မျှဝေခံစားပေးခြင်း၊ သူတို့အားပြုစုစောင့်ရှောက်ပေးခြင်း၊ လမ်းခရီးကို သူတို့နှင့်အတူ အဖော်ပြုလျှောက်ပေးခြင်းတို့ပင်ဖြစ်သည်။ အခြားသူတစ်ဦးဆိုသည်မှာ ဘယ်သောအခါမျှ သူစိမ်းတစ်ရံမဟုတ်ပါ။ ကိုယ်နှင့်စပ်ဆိုင်သော ညီအစ်ကိုမောင်နှမ၊ ကျွန်ုပ်အစေခံလိုသောသူသာလျှင်ဖြစ်ပါသည်။ တကယ်တမ်းလုံးဝဆန့်ကျင်ဘက်ဖြစ်နေသည်မှာ အခြားသူ

များအပေါ် ပြိုင်ဘက်များ၊ ရန်သူများသဖွယ်ရှုမြင်ကြသည့်အခါ သူတို့အားထိခိုက်စေလိုစိတ်၊ သူတို့အား ချေမှုန်းပစ်လိုစိတ်၊ အပြတ်ရှင်းလိုခြင်းတို့က နေ့စဉ်နှင့်အမျှ စိတ်မကောင်းဖွယ်ရာ သတင်းများအဖြစ် ကြားနေရသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုမျှလောက်မဖြစ်သည့်တိုင် ကိုယ်တိုင်လည်း အပြစ်မြင်ခြင်း၊ မယုံကြည်ခြင်း၊ အကြင်နာကင်းမဲ့ခြင်း၊ ကိုယ့်ကို ထိပါးသူ သို့မဟုတ် အမြင်မတင့်တယ်သူ သို့မဟုတ် မိမိ အသိုင်းအဝိုင်းအတွင်းမှမဟုတ်သူတို့အပေါ် ရိုးရိုးလေးပင်ခွဲခြားဆက်ဆံခြင်းများ ဖြစ်တတ်သည်မဟုတ်ပါလား။

အချင်းချင်းကောင်းကျိုးကိုလိုလားစိတ်ရှိဖို့ အသက်ပေးသည့်နှုတ်တော်ထွက်စကားက သွန်သင်ပါသည်။ သနားကရုဏာလမ်းကြောင်းကိုလိုက်လျှောက်ဖို့နှင့် အချင်းချင်းအခန့်မသင့်မှုတို့ကြုံရတိုင်း တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်ဖို့ရန်ဆိုလိုပါသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ကယားရာလူးဘစ်က သူမ၏ ခရစ်ယာန် အသက်တာသစ်အစဦးပိုင်းအတွေ့အကြုံကို ပြောပြပါသည်။ သခင်ယေရှု၏မိန့်တော်မူချက်ကို လက်တွေ့လိုက်လျှောက်ဖို့ရန် သူမနှင့်တကွ ပထမဆုံးအပေါင်းအဖေါ်များသည် အပြန်အလှန်တုန့်ပြန် မေတ္တာထားရေးပဋိညာဉ်ကို ပြုခဲ့ကြပါသည်။ ဤသို့ပြုလုပ်နေကြသည်ဆိုသော်လည်း အထူးသဖြင့် အစောပိုင်းကာလ၌ မိန်းကလေးတစ်ဖွဲ့က ချစ်ခြင်းမေတ္တာအတွက် တစ်စိုက်မတ်မတ်နေထိုင်သွားကြဖို့ဆိုသည်မှာ အမြဲတမ်းလွယ်ကူလှသည်တော့မဟုတ်ပေ။ “ဘုရားသခင်ထံမှ ထူးမြတ်သည့်ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့ မပြတ်လုပ်ဆောင်နိုင်သည်ဆိုသော်လည်း ကျွန်ုပ်တို့သည် သာမန်လူသားတိုင်းကဲ့သို့ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွင်း၊ ကျွန်ုပ်တို့၏ဆက်ဆံရေးများအပေါ်တွင် ဖုံမှုန့်များဖုံးအုပ်လာနိုင်ပြီး စည်းလုံးမှုလည်း အားနည်းလာနိုင်ပါသည်။ ယင်းကားဖြစ်တတ်သောအရာတည်း။ ဥပမာအားဖြင့် အခြားသူတို့၏အားနည်းချက်များ၊ အပြည့်စုံမှုများကို ကျွန်ုပ်တို့သတိပြုမိလိုက်သည့်အခါ သူတို့အား ကျွန်ုပ်တို့ဝေဖန်ဆုံးဖြတ်မိတတ်ကြသည်။ ထို့အတွက်ကြောင့်လည်း လက်ရှိ တုန့်ပြန်မေတ္တာထားနေမှုမှာလည်း အေးစက်သွားတတ်သည်။”

ယင်းအခြေအနေမျိုးကိုတုန့်ပြန်သည့်အနေဖြင့် တစ်နေ့တွင် ကျွန်ုပ်တို့သည် “သနားကြင်နာခြင်း ပဋိညာဉ်” ဟုခေါ်သော သဘောတူညီမှုတစ်ခုကို အချင်းချင်းအကြား ပြုခဲ့ကြပါသည်။ နေ့စဉ်နံနက်တိုင်း ကျွန်ုပ်တို့၏ဖိုကိုလာရေအိမ်၊ ကျောင်း၊ လုပ်ငန်းခွင်၊ စသည်တို့၌ ဆုံတွေ့သမျှ ကိုယ်နှင့်နီးစပ်သူတိုင်းကို သူတို့၏ပျက်ကွက်မှုများ၊ အားနည်းချက်များကို လုံးဝဉသုံအမှတ်မထားဘဲ အရာရာကို ချစ်ခြင်းမေတ္တာဖြင့် ဖုံးအုပ်လျက် အသစ်၊ လုံးဝအသစ်စက်စက် ဆုံတွေ့သည့်အလား ရှုမြင်ကြပါသည်။ ယင်းမှာ ကျွန်ုပ်တို့၏ နှလုံးသားအတွင်းမှ အကြွင်းမဲ့အပြစ်ဖြေလွှတ်ခြင်း၊ အားလုံးနှင့်သက်ဆိုင်သောခွင့်လွှတ်ခြင်းဖြင့် လူတိုင်းအားလက်ခံဆုံတွေ့မှုပင်ဖြစ်သည်။ ဤသည်ကားအစွမ်းထက်လှသော သန္နိဋ္ဌာန်ပြုမှုပင်ဖြစ်သည်။ ကျွန်ုပ်တို့ အားလုံး အတူတကွပြုခဲ့ကြပြီး သနားခြင်းကရုဏာနှင့်ပြည့်စုံသော၊ ခွင့်လွှတ်တတ်ပြီး မေ့ပစ်လိုက်နိုင်သော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ဦးစွာအတုယူလျက် ကျင့်ကြံနိုင်ဖို့ အမြဲတမ်းအထောက်အကူဖြစ်စေခဲ့ပါသည်။”

သနားကြင်နာခြင်းပဋိညာဉ်၊ ယင်းမှာ ကရုဏာစိတ်တိုးပွားသောလမ်းကြောင်းမှ သွေဖီသွားနိုင်စရာ အကြောင်းမရှိပါတကား။

*Fabio Ciardi*